# ၀မ္မခန္တာ (၉၁) နေမင်းသူရိယ (အလ်–ရှမ်းဆိ)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၂၆)၊ သုတ်ဒေသနာ (၁၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **وَالشَّمْسِ وَضُحَاهَا۞**<br>နေနှင့် သူ့ကိုယ်ပိုင်အလင်း အားဖြင့်–[၁၆၃] |
| ၂။ | **وَالْقَمَرِ إِذَا تَلَاهَا۞**<br>လ သူမသည် သူ့ထံမှ ချေးငှားတောက်ပခြင်းဖြင့်–[၁၆၄] |
| ၃။ | **وَالنَّهَارِ إِذَا جَلَّاهَا۞**<br>နေ့ ၎င်းသည် သူ၏ ထင်ရှားစေခြင်း အားဖြင့်– |
| ၄။ | **وَاللَّيْلِ إِذَا يَغْشَاهَا۞**<br>ည ၎င်းသည် သူ့အပေါ်၌ ဖုံးကာချခြင်း အားဖြင့်– |
| ၅။ | **وَالسَّمَاءِ وَمَا بَنَاهَا۞**<br>ကောင်းကင်ယံနှင့် ၎င်း၏ တည်ဆောက်ခြင်း အားဖြင့်– |
| ၆။ | **وَالْأَرْضِ وَمَا طَحَاهَا۞**<br>မြေကမ္ဘာနှင့် ၎င်းကို ဖြန့်ကျယ်စေခြင်း အားဖြင့်– |
| ၇။ | **وَنَفْسٍ وَمَا سَوَّاهَا۞**<br>ဉာဉ်စရိုက်နှင့် ၎င်းအား ပေါ်လွင်စေခြင်း အားဖြင့်– |
| ၈။ | **فَأَلْهَمَهَا فُجُورَهَا وَتَقْوَاهَا۞**<br>သို့ဖြင့် ၎င်းအား စည်းပျက်လမ်းနှင့် စည်းစောင့်လမ်းအား အသိစိတ်သွင်းပေးခြင်း အားဖြင့်– |
| ၉။ | **قَدْ أَفْلَحَ مَن زَكَّاهَا۞** |

(၁၆၃) **သွဟား** **ضُحَا** ၏ အနက်မှာ ကိုယ်ပိုင်ထွန်းလင်း တောက်ပသည်ဟု ဖြစ်ပေသည်။ နေသည် အလင်းရောင်အား ကိုယ်ပိုင်ထုတ်လွှတ်ခဲ့ကြောင်းကို ကျမ်းမြတ်ကုရ်အံက လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ နီးပါးကပင် ပြောခဲ့ပြီး ဖြစ်သည်။

(၁၆၄) **တလား** **تلا** ၏ အနက်မှာ နောက်မှလိုက်သည်၊ အဆင့်အတန်းအတွက် နောက်မှလိုက်၍ အတုယူသည် အတုခိုးသည်။ အလှည့်ပေးသည်ဟု ဖြစ်ပေသည်။ ထို့ကြောင့် **တလားဟာ** ကို ချေးငှားတောက်ပသည်ဟု ပြန်ဆိုခြင်း ဖြစ်သည်၊ ဤသည်မှာ အလင်းရောင်ကို ထုတ်လွှတ်မြင်ရစေသော “လ” ကို ပြောဆိုခြင်း ဖြစ်၍– အရိပ်ကွယ်နေ၍ အလင်းရောင် ပြန်မကန်နိုင်သော အမှောင်ကျနေသည့် “လ”များကို မဆိုလိုပေ။

| | |
|---|---|
| | မုချပင် စင်ကြယ်သူတို့သည် အောင်မြင်ရမည်သာတည်း။ |
| ၁၀။ | وَقَدْ خَابَ مَن دَسَّاهَا۞<br>မသူတော်တို့ကား မုချ ကျဆုံးရမည်သာတည်း။ |
| ၁၁။ | كَذَّبَتْ ثَمُودُ بِطَغْوَاهَا۞<br>သမု–တ်တို့သည် စည်းဖေါက်ကြလျှက်– ငြင်းဆန်ကြ၏။ |
| ၁၂။ | إِذِ انبَعَثَ أَشْقَاهَا۞<br>သူတို့ထိပ်သီးတို့သည် မတရားချိုးဖေါက်ကြသောအခါ–[၁၆၅] |
| ၁၃။<br>☆၇း၇၃ | فَقَالَ لَهُمْ رَسُولُ اللَّهِ نَاقَةَ اللَّهِ وَسُقْيَاهَا۞<br>သူတို့အတွက် ပရမတ်ဘုရားရှင်၏ ဉာဏ်စဉ်တော်ဆောင်က "ပရမတ်ဘုရားရှင်၏ ကုလားအုပ်မအား–ရေသောက်ခွင့်ပေးရန်၊" ပြောဆိုသည်ကို–☆ |
| ၁၄။<br>★၇း၇၇ | فَكَذَّبُوهُ فَعَقَرُوهَا فَدَمْدَمَ عَلَيْهِمْ رَبُّهُم بِذَنبِهِمْ فَسَوَّاهَا۞<br>သူ့အား သူတို့ ငြင်းဆန်ကြလျှက် သူမအား မျိုးဖြုတ်လိုက်၏၊★သို့ဖြစ်၍ သူတို့၏ ပြစ်မှုအတွက် ကံကြမ္မာရှင်က သူတို့အား မြေပြင်သက်သက် ဖျက်သိမ်းလိုက်၏။ |
| ၁၅။ | وَلَا يَخَافُ عُقْبَاهَا۞<br>ထိုတန်ပြန်မှုအတွက် နောက်တွန့်နေခြင်း မရှိချေ။ |

(၁၆၅) မတရားချိုးဖေါက်သည် ဆိုခြင်းမှာ ဥပဒေ၊ လူ့ကျင့်ဝတ်အား မတော်မတရား ချိုးဖေါက်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။